# ခရစ်တော်၏ လက်ဝါးကပ်တိုင်

## ရွေးနှုတ်ခြင်းနှင့်ပတ်သက်သည့် သမ္မာကျမ်းသွန်သင်ချက်များ

ခရစ်တော်၏လက်ဝါးကပ်တိုင်ဆီသို့ ကျွန်ုပ်တို့၏အတွေးအခေါ်များရောက်ရှိသွားသောအခါ မည်သည့်စိတ်ပုံရိပ်ကို မြင်တွေ့သနည်း။ လက်ဝါးကပ်တိုင်အား မွန်မြတ်သည့်အရာ၊ ဘုန်းကြီးသည့်အရာဟူ၍ မြင်တွေ့ပါသလား။ လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းနှင့်ပတ်သက်ပြီး နွေးထွေးသောစိတ်၊ လွမ်းဆွတ်သောစိတ်ရှိပါသလား။

**လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်း**

ဖြစ်ရပ်မှန်မှာ စိတ်ခြောက်ခြားဖွယ်ရာ အကျည်းတန်သောမြင်ကွင်းဖြစ်သည်။ လူတို့၏အပြစ်ပေးမှုများတွင် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းသည် ကြောက်မက်ဖွယ်အကောင်းဆုံးသောပြစ်ဒဏ်တစ်ခုဖြစ်သည်။ လက်ဝါးကပ်တိုင်၌ မရိုက်ထားမီ တစ်ခါတရံကြာပွတ်ဖြင့် ရိုက်လေ့ရှိသည်။ အပြစ်ဒဏ်ခံရန် စီရင်ချက်ချထားသူအား အရိုး၊ သတ္တုစများ တပ်ဆင်ထားသည့် ကြာပွတ်ဖြင့် ရိုက်နှက်သည်။ တစ်ခါတရံ ထိုကဲ့သို့ ရိုက်နှက်ခြင်းနှင့်ပင်လူများ သေဆုံးတတ်ကြသည်။ ထို့နောက် အပြစ်ဒဏ်ကျခံရမည့်သူအား လက်ဝါးကပ်တိုင်တွင် လက်နှင့်ခြေတို့ကို သံနှင့်ရိုက်နှက်ပြီး လက်ဝါးကပ်တိုင်ကို မထူကာ မြေ၌ ဒေါင်လိုက်အနေအထားဖြင့် မြဲမြံစွာ ရိုက်ထားလိုက်သည်။ သေဆုံးသည့်တိုင်အောင် ထိုကဲ့သို့ပင်ထားသည်။ ထိုသူအား သတ်ဖြတ်ခြင်းမဟုတ်၊ လွတ်မြောက်ခြင်းမရှိနိုင်သည့် အနေအထား၌ သံနှင့်ရိုက်နှက်ထားပြီး မသေမချင်းထားခြင်းဖြစ်သည်။

လူသည် ဝေဒနာပြင်းပြစွာခံစားနေရသော်လည်း ပင်ကိုယ်စိတ်အားဖြင့် အသက်ရှင်ရန် ရုန်းကန်ကြိုးစားနေ၏။ ခန္ဓာကိုယ်အလေးချိန်ကြောင့် ရှေ့သို့ငိုက်ကျလာခါ အသက်ရှူခြင်းကို ဟန့်တားမှုပြုမည်။ သို့ရာတွင် လက်နှင့်ခြေများမှ ပြင်းထန်သော နာကျင်မှုကြောင့် ရင်ကိုပြန်၍ မတ်ပြီး အသက်ရှင်ရန် ကြိုးစားအသက်ရှူမည်။ အဆုံးစွန်တွင် သေခြင်းအားဖြင့် လွတ်မြောက်နိုင်သော်လည်း နာရီပေါင်းများစွာ ရက်ပေါင်းများစွာ မဖော်ပြနိုင်သည့် နာကျင်မှုဖြင့် မသေဘဲခံစားရမည်။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် (၆)နာရီကြာပြီးနောက် သေဆုံးခဲ့ရာ ပိလတ်မင်းသည် သေဆုံးမှုမြန်ဆန်သည့်အတွက် အံ့အားသင့်ခဲ့၏။ (မာကု၊၁၅း၄၄)။

ရောမများအုပ်စိုးသည့် အချိန်ကာလက လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းအား စက်ဆုပ်ဖွယ်၊ ရွံ့ရှာဖွယ်မြင်ကွင်းဟု သတ်မှတ်ခဲ့သည်။ များသောအားဖြင့် အန္တရာယ်ပေးနိုင်သည့် နိုင်ငံရေးရန်သူ သို့မဟုတ် ဆုံးမ၍မရသော ရာဇဝတ်သားများအား အမြင့်တွင်ချိတ်ဆွဲထားပြီး လူတို့အားမနာခံမှုသည် အကျိုးမရှိကြောင်း ရက်စက်ကြမ်းကြုတ်စွာ သတိပေးခဲ့ခြင်းဖြစ်၏။ များသောအားဖြင့် ဤကဲ့သို့ စိတ်ခြောက်ခြားဖွယ်ရာမြင်ကွင်းကို တွေ့ရှိသူတိုင်း သင်ခန်းစာယူကြသည်။

ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်အကြောင်း ရေးသားထားခြင်းမှာ သူသည်“ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ “(ဟေဗြဲ၊၁၂း၂)။အလွန်ပင် ရှက်ကြောက်ရွံ့ရှာဖွယ်ကောင်းသော သေခြင်းဖြစ်သည့်အတွက် အချို့သူများက သခင်ယေရှုသည် ဘုရားသခင်၏ သားတော်မဖြစ်နိုင်ဟု ယူဆထင်ကြေးပေးကြသည်။ ဘုရားသခင်သည် မိမိ၏သားတော်အား ဤကဲ့သို့ ဆိုးယုတ်သောသေခြင်းမျိုးဖြင့် အသေခံရန် ခွင့်ပြုမည်မဟုတ်သောကြောင့်ပင် ဖြစ်သည်။

## ဂျူးများ၏ အရှုပ်တော်ပုံ

သခင်ယေရှုခရစ်တော် လက်ဝါးကပ်တိုင်တွင် အရိုက်ခံရခြင်းသည် ပူးပေါင်းဆောင်ရွက်သည့် စစ်ဆင်ရေးပင်ဖြစ်သည်။ ဂျူးများက အစီအစဉ်များရေးဆွဲပြီး ရောမတို့က အကောင်အထည်ဖော်ခဲ့သည်။

ဂျူးများသည် သခင်ယေရှုခရစ်တော်အား စတင်သတိပြုမိချိန်၌ မျှော်လင့်ခြင်း စိတ်လှုပ်ရှားခြင်းများဖြစ်ပေါ်ခဲ့သည်။ ရောမတို့က မိမိတို့၏ တိုင်းနိုင်ငံကို သိမ်းပိုက်ခဲ့သဖြင့် နာကြည်းနေကြသည်။ ဂျူးတို့သည် ထိုအချိန်၌ မိမိတို့၏ကိုယ်ပိုင် ဘုရင်တစ်ပါးကို တောင့်တလျှက်ရှိပြီး နာဇရက်မြို့သား ယေရှုသည် ထိုရာထူးအတွက် အသင့်တော်ဆုံးသောသူဟူ၍ ထင်မှတ်ခဲ့သည်။ သခင်ယေရှု၌ အရည်အချင်းအားလုံး ပြည့်စုံနေသကဲ့သို့ မြင်တွေ့ခဲ့ကြသည်။

သခင်ယေရှုသည် ထိုအချိန်ကာလကလည်းကောင်း၊ ယခုအချိန်ကာလ၌လည်းကောင်း ဘုရင်ဖြစ်ရန် ကံကြမ္မာရှိနေသော်လည်း အခြားကိစ္စများအား ရှေးဦးစွာ ဆောင်ရွက်ရမည်။ အထူးအရေးကြီးလိုအပ်သော အရာကို သခင်ခရစ်တော်က ရှေးဦးပိုင်း အမှုတော်ဆောင်ခြင်းတွင် လုပ်ဆောင်ခဲ့သည်။ တောင်ပေါ်ဒေသနာ၌ ဟောကြားသည့်အတိုင်း နောင်တ တရားနှင့် အပြစ်လွှတ်ခြင်းဖြင့် သန့်ရှင်းမြင့်မြတ်မှုများဟောကြားရန် လိုအပ်သည်။ ဂျူးလူမျိုးခေါင်းဆောင်များသည် အကျင့်စာရိတ္တဖြောင့်မတ်မှန်ကန်ခြင်းအား အလေးပေးမှုကို မနှစ်သက်ကြပေ။ သခင်ယေရှု၏ နှုတ်ထွက်စကားကို သာမဟုတ် အံ့သြဖွယ်ကြီးမားမြင့်မြတ်သည့် ဘုရားသခင်၏ စရိုက်လက္ခဏာကိုပါ ငြင်းပယ်ခဲ့ကြသည်။ သာမန်လူများ သခင်ယေရှုအား ကြည်ညိုနှစ်သက် ခြင်းကိုလည်း မနာလိုဝန်တိုစိတ်များ ဖြစ်ပေါ်ခဲ့သည်။

## ရောမတို့၏ သံသယဖြစ်ခြင်း

ထင်ပေါ်ကျော်ကြားမှုများသည်လည်း ဂျူးများအတွက် စိတ်နှောင့်ယှက်စေသည့်အချက်တစ်ခုဖြစ်လာခဲ့သည်။ ဂျူးခေါင်းဆောင်များကို သခင်ယေရှုအား အလားအလာကောင်းသော ခေါင်းဆောင်အနေနှင့် မမျှော်မှန်းတော့သော်လည်း သာမန်လူများ၌မူကား ဆွဲဆောင်အား ကောင်းလျက်ရှိသည်။ လူထုပရိတ်၏စိတ်လှုပ်ရှားပါဝင်မှုများသည် ရောမများအား သံသယဖြစ်စေပြီး “ရောမလူတို့သည်လည်းလာ၍ ငါတို့အရပ်ဌာနကိုငင်း၊ ငါတို့အမျိုးကိုငင်း၊ သုတ်သင်ပယ်ရှင်းကြလိမ့်မည်”(ယောဟန်၊၁၁း၄၇–၄၈)ဟူ၍ ဂျူးခေါင်းဆောင်များက ကြောက်ရွံ့စိုးရိမ်လျက် ရှိကြသည်။

ထိုကဲ့သို့ဖြစ်ပါက သခင်ယေရှုအား မည်ကဲ့သို့ ဖယ်ရှား၍ရမည်နည်း။ ရှေးဦးစွာမိမိတို့ကိုယ်မိမိနှင့် ဂျူးနိုင်ငံသားတို့အား ဤသူကိုဖယ်ရှားရခြင်းအတွက် ကောင်းမွန်ခိုင်ခံ့သော အကြောင်းပြချက်များရှိဖို့ရန်လိုအပ်လာပေသည်။ အကြောင်းအချက် အစစ်အမှန်ဖြစ်သော သခင်ယေရှုအား မနာလိုဝန်တိုဖြစ်ခြင်းနှင့် ရောမတို့အား စိုးရိမ်ကြောက်ရွံ့ခြင်းကို ထုတ်ဖော်ပြ၍ မဖြစ်နိုင်ပေ။ ဖုံးကွယ်ရန်အတွက် ကြိုးပမ်းမှုများသည်လည်း သိသာစွာ အောင်မြင်မှုမရှိခဲ့ပေ။ “တရားဝင်”အကြောင်းပြချက်အား မည်သို့ဖော်ပြကြမည်နည်း။ တင်ပြကြသော သက်သေအတုအယောင်တစ်ဦးနှင့်တစ်ဦး ထွက်ဆိုချက်များ၌ အလွဲလွဲအချော်ချော်အမျိုးမျိုးဖြစ်ပြီးမှ မိမိတို့အား မြင့်မြတ်သည့်မူဝါဒကို စွဲကိုင်ထားသူများဟူ၍ သူတစ်ပါးထင်မှတ်နိုင်စေရန် စွဲချက်တစ်ခုတွေ့ရှိခဲ့ကြသည်။ သခင်ယေရှုသည် မိမိကိုယ်မိမိ ဘုရားသခင်၏ သားတော်ဟူ၍ အခိုင်အမာပြောဆိုသည်။ ဤထွက်ဆိုချက်သည် မှန်ကန်သော်ငြားလည်း ဂျူးခေါင်းဆောင်များက ဘုရားသခင်အား ပြစ်မှားပြောဆိုသည်ဟူ၍ စွပ်စွဲကြသည်။ ထိုအချိန်အခါက ဘုရားသခင်အား ပြစ်မှားပြောဆိုခြင်းအား သေဒဏ်အဖြစ် သတ်မှတ်ခဲ့သည်။ သခင်ယေရှု၏ ကံကြမ္မာအား ဆုံးဖြတ်သတ်မှတ်ထားပြီး ဖြစ်ပေသည်။

သို့ရာတွင် ပြဿနာတစ်ခုရှိနေသေးသည်။ ဂျူးလူမျိုးတို့အား ရောမမင်းများက အုပ်စိုးနေသည့်အတွက် ရောမများတရားစီရင်ချက်ချမှတ်သူကိုသာလျှင် သေဒဏ်ပေးနိုင်သည်။ သေဒဏ်ပေးထားသူအား သတ်ဖြတ်ရာ၌လည်း ရောမများကသာ ဆောင်ရွက်ရပေသည်။ သခင်ယေရှုအား သတ်ဖြတ်ရန် ရောမများအား တိုက်တွန်းရမည်။ နာဇရက်မြို့သားယေရှုသည် မိမိကိုယ်မိမိ ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ပြောဆိုလျက်ရှိကြောင်း အပြစ်ရှာ၍ ရောမများထံသို့ သွားရောက်ပြီး မကျေမနပ် တိုင်တန်းပြောဆိုနေ၍ မဖြစ်ပေ။ ထိုကဲ့သို့ အခိုင်အမာပြောဆိုချက်အတွက် အစွဲအလမ်းကြီးပြီး အယူသည်းသော ရောမများက ချီးမြှောက်ပေလိမ့်မည်။ သေဒဏ်ပေးသင့်သည့် အပြစ်ဟူ၍ သတ်မှတ်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ရောမအုပ်ချုပ်ရေးမှူး ပိလတ်မင်းထံ ပေါ်ပေါ်ထင်ထင် လိမ်လည်ပြီး သတင်းပေးပို့ခဲ့သည်။ ယေရှုသည် မိမိကိုယ်မိမိ ဂျူးလူမျိုးများ၏ ဘုရင်ဟူ၍ ထုတ်ဖော်ပြောဆိုလျက်ရှိကြောင်း မိမိတို့အနေနှင့် ကဲသာဘုရင်ကိုသာ ဘုရင်အဖြစ် အသိအမှတ်ပြုကြောင်း ယေရှုသည် ရောမအစိုးရအတွက် အန္တရာယ်တစ်ခုဖြစ်ကြောင်း ချောက်တွန်းပြီး ပြောဆိုကြသည်။ ဤသူအား ဆက်လက်လွတ်လပ်ခွင့် ပေးထားပါက ပိလတ်မင်းသည် ကဲသာဘုရင်၏ စစ်မှန်သော မိတ်ဆွေမဟုတ်ကြောင်း ပြောဆိုတိုက်တွန်းကြသည် (အချိန်မကြာမြင့်မီကပင် ဂျူးခေါင်းဆောင်များသည် ရောမလက်အောက်မှ လွတ်လပ်မှုရရှိလိုသည့်အတွက် သခင်ယေရှုအား ဘုရင်အဖြစ် ကြိုဆိုခဲ့ကြသည်။)

ပိလတ်မင်းသည် ၎င်းတို့၏ လှည့်ဖြားမှုအား ဖေါက်ထွင်းမြင်တွေ့နိုင်ခဲ့သော်လည်း မိမိကိုယ်တိုင်ပင် ကဲသာဘုရင်အား သစ္စာမဲ့မှုဖြင့် အတိုင်းအတန်းခံရမည်ကို စိုးရိမ်သဖြင့် ၎င်းတို့၏တောင်းခံချက်များအား အလျှော့ပေးခဲ့ရသည်။

ထိုအခါ သခင်ယေရှုသည် လက်ဝါးကပ်တိုင်တွင် ရိုက်ထားခြင်းခံခဲ့ရသည်။

**ဘုရားသခင်၏ သားတော်အား ဆန့်ကျင်ရန်ပူးပေါင်းကြံစည်ခြင်း**

ခရစ်တော်အား လက်ဝါးကပ်တိုင်ပေါ်သို့ တင်ရန်မှာ သေးငယ်သည့် စစ်ဆင်ရေးတစ်ခုမဟုတ်ပေ။ လူမည်မျှ ပါဝင်သည်။ မည်သည့်လူအမျိုးအစားပါဝင်ကြသည်ကို အလေးအနက်မထား မသိရှိကြပေ။ ဟေရုဒ်ဘုရင်၊ ပိလတ်မင်းကြီး၊ ရောမတပ်မှူးတစ်ဦးနှင့် သာမန်စစ်သားအချို့တို့သည် ရောမနိုင်ငံသားများအား ကိုယ်စားပြုပြီး အခြားတစ်ဖက်တွင်အပြိုင်ဂျူးအဖွဲ့အစည်းနှစ်ဖွဲ့ဖြစ်သော ဖါရိရှဲများနှင့် ဇဒ္ဒုကဲတို့ပါဝင်ခဲ့သည်။ ဖါရိရှဲများအတွက် အများအားဖြင့် အမြင်ကျဉ်းမြောင်းပြီး ဘာသာရေးလိုက်စားမှုလွန်ကဲသော ကျမ်းပြုဆရာများပါရှိပြီး ဇဒ္ဒုကဲများအဖွဲ့တွင် အမြင်ကျယ်ပြီး စည်းစိမ်ခံစားခြင်းကို နှစ်သက်သော ယဇ်ပုရောဟိတ်များပါဝင်ကြသည်။ ယုဒရှကာယုတ်တည်းဟူသော သစ္စာမဲ့သည့်တပည့်တော်၊ ဗာရဗ္ဗတည်းဟူသော ပုန်ကန်ရန်လှုံ့ဆော်အားပေးသော လူသတ်သမားအပြင် ဂျူးလူမျိုးအဆွယ်အပွား၊ အများအပြားပါဝင်ခဲ့ကြရာ ရိုင်းပြသော ရန်သူအမျိုးစုံပါဝင်ခဲ့ကြသည်။

ဆန့်ကျင်ဖက်လူမျိုးနှစ်မျိုးတို့သည် ပူးပေါင်းပြီးဆောင်ရွက်နိုင်ခဲ့ကြသည်။ သာမန်အနေအထားတွင် ဂျူးလူမျိုးနှင့်ရောမလူမျိုးတို့သည် တစ်ဦးကိုတစ်ဦး မုန်းတီးကြပြီး ဖါရိရှဲနှင့်ဇဒ္ဒုကဲများသည်လည်း ထိုနည်းတူဖြစ်ကြသည်။ သခင်ယေရှုအား တရားမစစ်ဆေးမီက ဟေရုဒ်မင်းကြီးနှင့် ပိလတ်မင်းတို့မှာ ရန်သူများဖြစ်ကြသည်။ ဘုရားသခင်၏ သားတော်အသေခံရန် ပေါင်းစည်းကြံရွယ်မှုတွင် ကွဲပြားသောလူမျိုးတို့ ထူးဆန်းစွာသဘောတူပေါင်းစည်းကြကြောင်း တွေ့ခဲ့ရသည်။ ၎င်းတို့တွင် အင်အားကြီးမားသည့် ဘုံရန်သူတစ်ဦးရှိနေသည့်အတွက် သဘောထားမတိုက်ဆိုင်သည့် ကွဲပြားမှုများအား ခေတ္တဘေးဖယ်ထားခဲ့ကြသည်။

## နာဇရက်မြို့သားယေရှု၏စိန်ခေါ်ခြင်း

ငင်းတို့၏ရန်သူမှာ အသက်ရှင်သည့် တစ်ဦးတည်းသောလုံးဝဖြောင့်မတ်မှန်ကန်သူဖြစ်သည်။ လူတစ်ဦးချင်း၊ အုပ်စုတစ်ဖွဲ့ချင်း၏အမြင်၌ သခင်ယေရှုအားမရှိသင့်သောသူဟူ၍ ခံယူခဲ့ကြသည်။ ၎င်းတို့၏အယူအဆသဘောထားမတူညီသည့်ကြားကပင် ခရစ်တော်နှင့်ပေါင်းသင်းဆက်ဆံခြင်းထက် မိမိတို့အချင်းချင်း ပေါင်းသင်းဆက်ဆံမှုက ပိုမိုပြီး သက်တောင့်သက်သာရှိမည်ဟု ထင်မှတ်ကြသည်။ အပြစ်သားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော အုပ်စုသည် ထူးခြားစွာ ဖြောင့်မတ်နေသည့် သခင်ယေရှုနှင့်ဆုံးသက်တိုင် တည်သည့်အရာတစ်ခုမျှ မရှိပေ။ ယေရှုသည် ကမ္ဘာလောကအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပြီး သူ၏သွန်သင်ချက်နှင့်အသက်တာအရည်အသွေးသည် လူအားလုံးတို့အား ဆန့်ကျင်ငြင်းပယ်ခြင်းဖြစ်စေခဲ့သည်။

ယနေ့လည်း သခင်ယေရှုသည် ကမ္ဘာလောကကြီးအား စိန်ခေါ်လျက်ရှိနေသည်။ ကမ္ဘာလောကနှင့် သက်ဆိုင်သူအားလုံးသည် သခင်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်သို့ တင်ဆောင်သူများဖက်၌ ရပ်တည်နေကြသည်။ ကျွန်ုပ်တို့သည် ကမ္ဘာလောကနှင့်သက်ဆိုင်သူများဖြစ်ပါက သခင်ခရစ်တော်အား သတ်ဖြတ်ခဲ့သူများနှင့် တစ်တန်းတစ်စားတည်းဖြစ်သည်။ လူ့သဘာဝနှင့်ပတ်သက်ပြီး မည်မျှကြောက်မယ်ဖွယ်ကောင်းသောဝေဖန်ချက်ဖြစ်သနည်း။ ဘုရားသခင်၏ ဖြောင့်မတ်သော သားတော်သည် ကမ္ဘာလောက၌ အသက်ရှင်နေထိုင်စဉ် လူများက ထိုသခင်ယေရှုအားမိမိတို့နှင့်အတူ မရှိလျှင်သာ၍ ကောင်းမည်ဟု ဆုံးဖြတ်ခဲ့ကြပြီး ရှင်းလင်းဖယ်ရှားပစ်နိုင်ရန် ကြံစည်ကြိုးစားကြသည်။ ထိုကဲ့သို့ ဆုံးဖြတ်သည့်အခါတွင် မည်သည့်အရာကမျှ ၎င်းတို့အား ဟန့်တား၍မရတော့ပေ။ လိမ်လည်လှည့်ဖြားခြင်း၊ သူတော်ကောင်းအယောင်ဆောင်ခြင်း၊ မတရားသည့် တရားစီရင်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ မမှန်သောသက်သေခံခြင်း၊ ငွေညှစ်ခြင်း၊ နှိပ်စက်ညှင်းဆဲခြင်း၊ လူသတ်မှု ကျူးလွန်ခြင်းအစရှိသည့် ပြစ်မှုအမျိုးမျိုးတို့ကို ဆက်လက်ကျူးလွန်ကြတော့သည်။

ဂျူးလူမျိုးများအပေါ်၌သာ အပြစ်ပုံချသူများသည် အချက်တစ်ချက်အား မေ့လျော့နေခြင်းကြောင့် ဖြစ်သည်။ ထိုအချက်မှာအခြားမည်သည့်နိုင်ငံမဆို အခြေအနေမပေးခဲ့လျှင် ထိုကဲ့သို့ပင် ထပ်တူထပ်မျှလုပ်ဆောင်ကြမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသော ခေတ်ကာလ၌ အသေးစိတ်အချက်အလက်များ တူညီမှုမရှိနိုင်သော်လည်း ရည်ရွယ်ချက်များနှင့် နိဂုံးပိုင်းသည် အတူတူပင်ဖြစ်မည်။

အသက်တာ၌ ဘုရားသခင်အား နာခံရန် ရည်ရွယ်ချက်ထားသောသူအား ဇာတိလူသားတို့က သည်းခံနိုင်စွမ်းမရှိကြပေ။အခြားနည်းဖြင့် ဖော်ပြရလျှင် လူသားများသည် ဘုရားသခင် သတ်မှတ်ထားရှိသည့် စံနှုန်းများအား ငြင်းပယ်ကြသည်။ လူသားများသည် မိမိတို့၏ ပင်ကိုယ်စိတ်စေစားမှုအတိုင်း လိုက်လျှောက်ရန် ပိုမိုပြီးလိုလားကြသည်။ ဤပင်ကိုယ်ဇာတိစိတ်များမှာ အဘယ်နည်း။ သခင်ယေရှုက ဖော်ပြထားခဲ့သည်။

"လူအတွင်း နှလုံးထဲက မကောင်းသောကြံစည်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ မနာလိုခြင်း၊ လုယ့်စားခြင်း၊ ညစ်ညူးခြင်း၊ ပြူစုခြင်း၊ သူ့အသေရေကိုဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လုယ့်စားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ်သောအရာများတို့သည် အတွင်းမှ ထွက်လာ၍ လူကိုညစ်ညူးစေကြသည်ဟု မိန့်တော်မူ၏"
(မာကု၊ ၇း၂၁–၂၃)
ပေါလုက ဆက်လက်ပြီး အပြည့်အစုံ ဖော်ပြခဲ့သည်မှာ ၊

"အကြောင်းမူကား ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် အပြစ်ရှိကြောင်းကို အထက်ကပြခဲ့ပြီး ကျမ်းစာလာသည်ကား ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ၊ နားလည်သောသူမရှိ၊ ဘုရားသခင်ကိုရှာသောသူမရှိ၊ ဘုရားသခင်ကို ကြောက်ရွံ့သောအကြောင်းသည် သူတို့မျက်စိ၌ မထင်ဟု ကျမ်းစာလာသတည်း" (ရောမ၊ ၃း၉–၁၈)။

## လူအားဘုရားသခင်နှင့် ကင်းကွာစေခြင်း

လူနှင့်ဘုရားသခင် ကင်းကွာရခြင်းအကြောင်းသည် အာဒံထံမှ စတင်ပြီး ကမ္ဘာဦးကျမ်း၏ ကနဦးအခန်းများတွင် ဖော်ပြထားသည်။ သမ္မာကျမ်းထဲတွင် တင်ပြထားသည့် ပထမအချက်မှာ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၏။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့ပြီး ကမ္ဘာပေါ်တွင် လူသားအပါအဝင် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်။ လူသားအား ဖန်ဆင်းကြောင်း အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြသည်။

ထို့နောက် ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆန်းသူ၏ နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင် လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏” (ကမ္ဘာ၊ ၂း၇)။

စဉ်းစားဆင်ခြင်ကြည့်ပါ။ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီး၌ပါဝင်သမျှသောအရာခပ်သိမ်းတို့အား ဖန်ဆင်းသည့်အတွက် အလုံးစုံကို ပိုင်တော်မူသည်။ အရာခပ်သိမ်းအား ပိုင်သသည့်အတွက် အရာခပ်သိမ်းကိုလည်း တာဝန်ယူထားသည်။ ကိုယ်တော်၏ နှုတ်ထွက်စကားတော်သည် ပညတ်တရားပင်ဖြစ်သည်။ ဘုရားသခင်သည် မိမိပြင်ဆင်ထားရှိသည့် ဥယျာဉ်အတွင်းသို့ လူသားအား ထည့်သွင်းသည့်အခါ ဆောင်ရန်ရှောင်ရန် ညွှန်ကြားချက်များအား မလွဲမသွေပေးအပ်သည်။ (ဤသို့ ဖော်ပြခြင်းသည်ပင်လျှင် အထူးအဆန်းကဲ့သို့ဖြစ်နေ၏)

## ဘုရားသခင်၏ ညွှန်ကြားချက်များမှာ

“ထာဝရဘုရားသခင်ကလည်း ကောင်း၊ မကောင်းကို သိကျွမ်းရာ အပင်မှတစ်ပါး ထိုဥယျာဉ်၌ ရှိသမျှသောအပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ၊ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏” (ကမ္ဘာ၊ ၂း၁၆ –၁၇)။

## ဧဒင်ဥယျာဉ်၏ ကြေကွဲဖွယ်ရာဖြစ်ရပ်

ကမ္ဘာ၊၃းတွင် ထိုအကြောင်းအရာအား ဆက်လက်ဖော်ပြသည့် အခါ အာဒံနာခံခြင်း ကင်းမဲ့မှုနှင့်ရလဒ်များကို တွေ့ရသည်။ ထာဝရဘုရားသခင်သည် အာဒံအပေါ် သေဒဏ်စီရင်ချက်မှတ်၏။

“သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သင်၏မျက်နှာမှ ချွေးထွက်လျှက် အစာကိုစားရမည်။ အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏” (ကမ္ဘာ၊ ၃း၁၉)။

ဤအချက်အားဖြင့် လူသားထုတစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်ကြောင်း ပေါလုက ဖော်ပြခဲ့သည်။

“ဤအကြောင်းအရာဟူမူကား အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏” (ရောမ၊ ၅း၁၂)။

မျိုးတူသောအရာမှ မျိုးတူကိုသာ ပေါက်ပွားစေသည်။ အာဒံသည် နာခံမှုကင်းမဲ့ပြီး အပြစ်သားဖြစ်လာသည့်အတွက် သားသမီးများသည်လည်း ၎င်းနည်းတူ အပြစ်လမ်းသို့ လိုက်လျှောက်ကြသည်။ သမ္မာကျမ်းထဲ၌ ဖော်ပြထားပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေ့အကြုံအားဖြင့်လည်း သိရသည်။ လူသားများအတွင်း၌ ဘုရားသခင်၏ ပညတ်တရားအား ဆန့်ကျင်တိမ်းညွတ်ဖိဆန်လိုသော အကျိုးသက်ရောက်မှုရှိနေကြောင်းသိရသည်။ အာဒံသည် သေဒဏ်ခံရန် တရားစီရင်ခြင်းခံရသည့်နည်းတူ အာဒံ၏မျိုးရိုးစဉ်ဆက်အားလုံး အပြစ်၌ နစ်မွန်းနေသည်။ လူသားမျိုးရိုးစဉ်ဆက်အားလုံး သမ္မာကျမ်းအသုံးအနှုန်းဖြင့် ဖော်ပြရလျှင် “အာဒံ၌ တည်သော” လူအားလုံးသည် သေခြင်းအား ရင်ဆိုင်ကြရမည်။ “လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏”။

## အပြစ်နှင့် သေခြင်း

လူသည် အပြစ်တရားကြောင့် သေခြင်းနှင့်ရင်ဆိုင်ရသည်ဟု သမ္မာကျမ်းစာက အလေးပေးဖော်ပြထား၏။ အထက်တွင် ဖော်ပြထားသည့် ရောမ၊ ၅း၁၂သည် အပြစ်နှင့်သေခြင်းတို့၏ ဆက်စပ်မှုအား ဖော်ပြထားသည်။ ကျမ်းချက်အများအပြားထဲမှ တစ်ချက်ဖြစ်ပြီး မကြာခဏဆိုသလို ရွတ်ဖတ်လေ့ရှိသည့် “အပြစ်တရား၏အခကားသေခြင်းပေတည်း”ဟူသော ကျမ်းချက်အား ရောမ ၆း၂၃တွင် တွေ့နိုင်ပြီး ရောမ၊ ၇း၅တွင်လည်း “ငါတို့သည် ဇာတိပကတိ၌ ကျင်လည်သောအခါ အပြစ်နှင့်စပ်ဆိုင်သော စိတ်တို့သည် ပညတ်တရားအားဖြင့် ပေါက်၍သေခြင်းတရား၏အလိုနှင့်အညီ တိုးပွားယူမည်အကြောင်း ငါတို့၏ ကိုယ်အင်္ဂါများ၌ ပြုပြင်ကြ၏” ဟု ဖော်ပြထားသည်။

မည်သူမှန်ကန်ပါသနည်း။ ဘုရားသခင်လော။ အာဒံလော။ ဘုရားသခင်သည် သာလျှင် မှန်ကန်ကြောင်း တွေ့ရသည်။ ရှင်းလင်းပြတ်သားသည့် သတိပေးမှုအကြားမှ အာဒံ ဘုရားသခင်၏ ပညတ်တရားအား ချိုးဖေါက်ပြီး တရားစီရင်ခြင်းခံခဲ့ရသည်။ သို့ရာတွင် လူသားတို့၏ ဆုံးဖြတ်ချက်မှာ ဘုရားသခင်မှားယွင်းပြီး အာဒံ၏လုပ်ရပ်သာလျှင် မှန်ကန်သည်ဟု ယခုတိုင် ယူဆလျက်ရှိသည်။ အချို့သူများက တိုက်ရိုက်ထုတ်ဖော်မပြောဆိုသော်လည်း ၎င်းတို့လေးစားမှု၊ ကရုဏာသက်မှုသည် ဘုရားသခင်အတွက်မဟုတ်၊ အာဒံအတွက်သာလျှင်ဖြစ်ကြောင်း မိမိတို့၏ လုပ်ဆောင်ချက်၊ ခံယူချက်များအားဖြင့် သွယ်ဝိုက်ဖော်ပြလျက်ရှိသည်။ ၎င်းတို့၏ခံယူချက်အား နည်းလမ်းနှစ်သွယ်ဖြင့် သရုပ်ဖော်ဆောင်သည်။ (၁) အပြစ်တရားအားခွင့်ပြုခြင်းနှင့် (၂) သေခြင်းတရားအား ရှုံ့ရှာမုန်းတီးခြင်းတို့ဖြစ်သည်။

## လူသားအတွက် တရားမျှတသည့် ဆုလာဘ်

လူသားအားလုံးသည် နာခံမှုကင်းမဲ့သည့်လမ်းစဥ်အား လက်ခံ အတည်ပြုကြောင်း မိမိတို့၏လုပ်ဆောင်ချက်များအားဖြင့် ဖော်ပြ၏။ လူ့ သဘောသဘာဝနှင့်ပတ်သက်သည့် သမ္မာကျမ်းသွန်သင်မှုအား ကျွန်ုပ်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ လူအများတို့သည် ဘုရားသခင်၏ ပညတ်တရားအား ထင်ရှားစွာတမင်သက်သက် ငြင်းပယ်ကြ၏။ ကျန်လူများသည် ဘုရားသခင်၏ ပညတ်တရားများကို မရှောင်ကြဘဲ ကျူးလွန်လုပ်ဆောင်လိုကြသည်။ အခြားသူများကမူ ဘုရားသခင်အား ကြောက်ရွံ့ပါသည်ဟု ဝန်ခံလျက်ပင် ဘုရားသခင်လုပ်ဆောင်စေလိုသည့်အရာများအား ငြင်းဆန်ပြီး မိမိဆန္ဒကို ဦးစားပေးလုပ်ဆောင်ရန် ဆင်ခြေအမျိုးမျိုးရှာဖွေဖော်ပြတတ်ကြ၏။ ဘုရားသခင်အား အမှန်တကယ် အစေခံရန်ကြိုးစားလုပ်ဆောင်နေသူများပင်လျှင် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ်တွင် မကျေနပ်သကဲ့သို့ ခံစားကြရသည်။ အပြစ်တရား၏ ဆွဲငင်နိုင်မှုစွမ်းအားသည် ၎င်းတို့အား အောက်သို့ဆွဲလျက်ရှိသည်။

“အဘယ့်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ” (ရောမ၊၃း၂၃)။

လူအားလုံးသည် သေခြင်းတရားကိုငြင်းပယ်ကြသည်။ ဘုရားသခင်က လူသားအပေါင်းတို့အပေါ်တွင် ချမှတ်ခဲ့သည့် သေဒဏ်တရားစီရင်ချက်အား ရွံ့မုန်းကြသည်။ လူအများစုခံယူနေကြသည်မှာ မိမိတို့၏ လုပ်ဆောင်ချက်၊ အကျင့်သီလများအတွက် တရားမျှတသည့် ဆုလာဘ်ရရှိမည်ဟု လိမ်လည်လှည့်ဖြားခြင်းခံနေရခြင်းဖြစ်သည်။ လူသားသည် အပြစ်သားမဟုတ်ခဲ့ပါကလည်း ထာဝရအသက်ရှင်နေထိုင်နိုင်ဖို့ အခွင့်အရေးတောင်းခံရန် ခိုင်လုံသည့် အထောက်အထားမရှိပေ။ သို့ရာတွင် အပြစ်၌ နစ်မွန်းနေသည့် လူသားက သေခြင်းတရားမျှတမှုမရှိသော ရက်

စက်ကြမ်းကြုတ်သည့် စည်းကမ်းတင်းကြပ်မှုဖြစ်သည်ဟု ယူဆကြ၏။

လူအများသည် သေခြင်းတရားတည်ရှိနေခြင်းကို အမှန်ပင်ငြင်းပယ်ကန့်ကွက်ကြသည်။ သက်သေအထောက်အထားများ အခိုင်အမာရှိသော်ငြားလည်း သေခြင်းသည် အပေါ်ရုံပုံရိပ်ဖြစ်ပြီး ဖြစ်ရပ်မှန်မဟုတ်ဟု ယူဆကြသည်။ ၄င်းတို့၏ ခံယူချက်အရ လူတစ်ဦးသေမှသာ အသက်တာအမှန်တကယ်စတင်သည်။ ပိုမိုပြီးပြည့်စုံ ကြွယ်ဝသောအသက်တာသို့ လျှောက်လှမ်းရန် သေခြင်းတရားအား လမ်းဝဟူ၍ ယုံကြည်ခံယူကြသည်။

ဤအတွေးအခေါ်များသည် သမ္မာကျမ်းသွန်သင်ချက်နှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ ကျွန်ုပ်တို့သိထားပြီးသည့်အတိုင်း သေခြင်းတရားသည် ဒဏ်ခတ်ခြင်းပင်ဖြစ်၏။ ဆွဲဆောင်မှုရှိသော သာယာနာပျော်ဖွယ်ကောင်းသောအသက်တာသို့ မရည်ရွယ်ခဲ့ပေ။ သမ္မာကျမ်းအရဆိုလျှင် လူတစ်ဦးသေဆုံးသည့်အခါ “ထိုနေ့ခြင်းတွင် သူ၏အကြံအစည်တို့သည် ပျက်စီးကြ၏” (ဆာ၊၁၄၆း၄)။ “သေသောသူမူကား အဘယ်အရာကိုမျှ မသိ” (ဒေသနာ၊၉း၅)။ လိုရင်းတိုရှင်းပြောရလျှင် သေခြင်းသည်မြေကြီး အသက် တာရပ်စဲခြင်းဖြစ်သည်။

လူသားသည် ဆက်လက်အပြစ်ကျူးလွန်ခြင်း၊ သေခြင်းတရားအားငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်အား ဆန့်ကျင်တိုက်ခိုက်နေသော်လည်း အဆုံးတွင် ဘုရားသခင်ကသာလျှင် ပြတ်ပြတ်သားသား အနိုင်ရပြီး လူသည်လည်းမြေမှုန်အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ရသည်။ “အကြောင်းမူကား၊ သင်သည်မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏” (ကမ္ဘာ၊၃း၁၉)။

**သခင်ယေရှုခရစ်သည် အဘယ်ကြောင့် လက်ဝါးကပ်တိုင်၌ အသေခံခဲ့ရသနည်း။**

ဂျူးများသည် သခင်ယေရှုအား အလွန်ပင်မုန်းတီးသည့်အတွက် ရှင်းလင်းဖယ်ရှားလိုကြ၏။ ဤအရာမှာ ပေါ်လွင်ထင်ရှားသည်။ သို့ရာတွင် ဘုရားသခင်က ၄င်းတို့အားကြီးမားသည့် ပြစ်မှုကျူးလွန်ခြင်းမှ ဟန့်တားနိုင်ပြီး တစ်ချိန်တည်းမှာပင် သားတော်အား လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်း၏ ရှက်ကြောက်ခြင်းနှင့် နာကျင်စွာ ဝေဒနာခံစားခြင်းမှ ရွေးနှုတ်ကယ်တင်နိုင်သည်။

ဘုရားသခင်သည် ဤလုပ်ဆောင်မှုအား တားဆီးဟန့်တားနိုင်ရန် အစွမ်းတန်ခိုးကြီးမားလှ၏။ သို့ရာတွင် သခင်ယေရှုက “အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေ” (မဿဲ၊၂၆း၃၉)ဟူ၍ (၃)ကြိမ်တိုင်တိုင် ဆုတောင်းခံခဲ့သော်လည်း ဘုရားသခင်သည် ဝင်ရောက်မစွက်ဖက်ခဲ့ပေ။ ဘုရားသခင်၏မူဝါဒများတည်မြဲနေစေရန်နှင့် ရည်ရွယ်ချက်များပြည့်စုံစေရန်အတွက် ဝင်ရောက်စွက်ဖက်၍ မဖြစ်နိုင်ပေ။ ဘုရားသခင်၏ အစီအစဉ်၌ မိမိ၏အပြစ်မဲ့သည့်သားတော်အသေခံရမည့် ကဏ္ဍပါဝင်နေသည်။

ဘုရားသခင်၏မွန်မြတ်သော ရည်ရွယ်ချက်သည် လူသား၏ မိုက်မဲဆိုးယုတ်မှု၊ မနာခံသော ဩဇာလွှမ်းမိုးနေသည့်ကမ္ဘာ လောကထဲ၌ မည်ကဲ့သို့ ပြည့်စုံစေနိုင်မည်နည်း။ ဘုရားသခင်၏ နက်နဲသော ပညာဉာဏ်အားဖြင့် နည်းလမ်းရှိသည်။ ခရစ်တော်အသေခံခြင်းအားဖြင့် အပြစ်သားများ အောင်မြင်မှုရရှိခဲ့သည်ဟု ထင်မှတ်ရသော်လည်း ဖြစ်ရပ်မှန်မှာ လူသားတို့၏ ဆိုးညစ်မိုက်မဲမှုကြီးထဲမှ ဘုရားသခင်သည် မိမိ၏ ရည်ရွယ်ချက်အား အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။ အဆိုးထဲမှ အကောင်းဖြစ်ပေါ်စေခြင်းဖြစ်သည်။ ပေတရုက အောက်ပါအတိုင်းပြောကြားခဲ့သည်။

"ဘုရားသခင်သည် ပြဋ္ဌာန်းတော်မူသောအလိုတော်အားဖြင့်၄င်း၊ အနာဂတံဉာဏ်တော်အားဖြင့်၄င်း၊ အပ်နှံခြင်းကိုခံသော ထိုယေရှုကို သင်တို့သည် ဖမ်းဆီး၍ မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ ရိုက်၍ကွပ်မျက်ကြပြီ" (တမန်၊ ၂း၂၃)။

**လူသားအား အပြစ်တရားမှကယ်တင်ခြင်း**

လူသားသည် အဆိုးဝါးဆုံးလုပ်ဆောင်ပြီး အပြစ်ကျူးလွန်နေသည့်အချိန်တွင် လူသားအမျိုးအနွယ်အတွက် အံ့သြဖွယ်ကောင်းချီးမင်္ဂလာများ ယူဆောင်လာနိုင်ရန် ဘုရားသခင်က သားတော်အား အသေခံစေခြင်းဖြင့် လူသားအတွက် အကောင်းဆုံးလုပ်ဆောင်ပေးသည်။

ကျမ်းချက်(၂)ချက်သည် ကျွန်ုပ်တို့အား ကောင်းချီးမင်္ဂလာများကို ဖော်ပြသတိပေးလျက်ရှိ၏။ "ခရစ်တော်သည် ကျမ်းစာလာသည့်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏" (၁ကော၊ ၁၅း၃)။ "ကမ္ဘာဦးမှစ၍ အဖန်များစွာ အသေခံတော်မူ၏။ ယခုမူကား ဤကပ်ကာလအဆုံး၌ တစ်ခါတည်းကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းစေခြင်းငှာ ပေါ်ထွန်းတော်မူ၏။" (ဟေ၊၉း၂၆)။

ခရစ်တော်အသေခံခြင်းသည် လူသားအားအပြစ်တရားမှ ကယ်တင်နိုင်ဖို့ရန် ဘုရားသခင်၏ နည်းလမ်းပင်ဖြစ်သည်။

**လူသားအား သေခြင်းတရားမှ ရွေးနှုတ်ခြင်း**

ဒုတိယကောင်းချီးမင်္ဂလာမှာ မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့အလွယ်တကူ တွက်ဆနိုင်သည်။ ခရစ်တော်အသေခံခြင်းဖြင့် လူသားတို့အား အပြစ်တရားမှကယ်တင်နိုင်သည့်နည်းတူ အပြစ်၏နောက်ဆက်တွဲရလဒ်ဖြစ်သော သေခြင်းမှလည်း ကယ်တင်နိုင်သည်ဟု ကျွန်ုပ်တို့မျှော်လင့်နိုင်၏။ တမန်တော်ယောဟန်က အောင်ပါအတိုင်း ဖော်ပြသည်။

"မောရှေသည် တောခွဲမြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရမည်အကြောင်းတည်း။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော၊၃း၁၄–၁၆)။

ဤကျမ်းချက်၏ ပထမပိုင်းအား နောက်ပိုင်းတွင် ပြန်လည်ဆွေးနွေးရန် မျှော်လင့်ထားသည်။ သို့ရာတွင် အဓိကသီတင်းစကားကို နားလည်သဘောပေါက်ရန် အလွန်လွယ်ကူသည်။ ခရစ်တော်အသေခံခြင်းဖြင့် လူသားအား ထာဝရအသက်ရှင်သန်စေရန် အခွင့်အရေးရရှိစေသည်။

**ထာဝရအသက်**

ဘုရားသခင်ပေးသော ထာဝရအသက်ဆုလက်ဆောင်နှင့်ပတ်သက်သည့် အခြေခံအချက်များ မည်မျှအံ့သြဖွယ်ရာဖြစ်သည်မှာ နှုတ်ထွက်စကားအားဖြင့် ပြောဆိုရန် မစွမ်းနိုင်သော်ငြားလည်း နားလည်သဘောပေါက်ရန် မခဲယဉ်းပေ။ ရှေးဦးစွာ သခင်ယေရှုအကြောင်းကို ဆင်ခြင်ကြည့်ပါ။ ခရစ်တော်သေဆုံးသည့်အခါ ခန္ဓာကိုယ်အား ဂူတစ်ခုအတွင်း၌ ထည့်သွင်းထားခဲ့သည်။ သုံးရက်ကြာမြင့်သည့်အခါ အပေါက်ဝကို ပိတ်ဆို့ထားသော ကြီးမားသည့်ကျောက်တုံးမှာ လူထက်သာလွန်သော အစွမ်းတန်ခိုးအားဖြင့် ဘေးသို့လိမ့်ဖယ်ခြင်းခံခဲ့ရသည်။ ထို့နောက် ဘုရားသခင်၏ ကြီးမားသော အစွမ်းတန်ခိုးအားဖြင့် ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီး ထာဝရအသက်ရှင်လျက်ရှိသည်။

သခင်ယေရှုခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ အရေးကြီးပုံအား ၁ကော၊၁၅တွင် အလေးပေးထားသည်။ ထိုအချက်သည် ခရစ်ယာန် မျှော်လင့်ချက်အခြေခံအုတ်မြစ်ဖြစ်သည်။

“ယခုမူကား ခရစ်တော်သည်သေခြင်းမှ ထမြောက်တော်မူ၍ အိပ်ပျော်သောသူတို့တွင် အဦးသီးသောအသီးဖြစ်တော်မူပြီ။ သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည်သကဲ့သို့ သေသောသူတို့၏ ထမြောက်ခြင်းတရားသည် လူအားဖြင့်တည်လျက်ရှိသည်။ လူအပေါင်းတို့သည် အာဒံအားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့။ သို့ရာတွင်လူအသီးသီးတို့သည် မိမိတို့အလှည့်အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးသီးသောအသီးဖြစ်တော်မူ၏။ ထို့နောက်ခရစ်တော်သည် ကြွလာတော်မူသောအခါ အသီးဖြစ်တော်မူ၏။ ထို့နောက် ခရစ်တော်သည် ကြွတော်မူသောအခါ တပည့်တော်ဖြစ်သော သူတို့သည်ရှင်ခြင်းသို့ ရောက်ကြလိမ့်မည်။ (၁ကော၊ ၁၅း၂၀–၂၃)။

သခင်ယေရှုကဲ့သို့ပင် နောက်တော်လိုက်များသည်လည်း သေခြင်းမှ ရှင်ပြန်ထမြောက်ကြမည်။ သခင်ယေရှုပြန်လည်ကြွဆင်းလာသည့်အခါ ယုံကြည်သူတပည့်များလည်း ရှင်ပြန်ထမြောက်ကြမည်ဟု ဖော်ပြထားသောကျမ်းချက်များကို မမေ့လျော့ပါနှင့်။

ဤအကြောင်းအရာနှင့် မပြီးပြတ်သေးပါ။ သခင်ယေရှုရှင်ပြန်ထမြောက်ပြီးသည့်အခါ အောင်မြင်စွာဖြင့် ကြွေးကြော်ခဲ့သည်။ “ငါသည် အရင်သေသည်ဖြစ်၍”(ဗျာ၊၁း၁၈) “အသက် ရှင်သောသူလည်းဖြစ်၏”။ သခင်ယေရှုကြေညာခဲ့သည့်အချက်(၂)ချက်မှာ

(၁) သူသည် သေခြင်းမှ ပြန်ထမြောက်ခဲ့သည်။

(၂) ထာဝရကာလ မသေနိုင်တော့ပါ။

ခရစ်တော်ပိုင်ဆိုင်သောသူများသည်လည်း ထိုကဲ့သို့ပင်ဖြစ်မည်။ သခင်ယေရှုကြွလာသည့်အခါ သေသောသူများသည် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းသာမဟုတ်ဘဲ ဘုရားသခင်၏ဆုလက်ဆောင်ဖြစ်သော ထာဝရအသက်ကို ရကြမည်။

ဘုရားသခင်၏အလိုတော်ကို ခံယူပြီးလက်ဝါးကပ်တိုင်၌ အသေခံသူ သခင်ခရစ်တော်၏ နောက်လိုက်များအား ပြန်လည်ရှင်ပြန်ထမြောက်ခြင်းနှင့် ထာဝရအသက်ရခြင်း ကောင်းချီးမင်္ဂလာများအား ကတိထားခဲ့ပြီးဖြစ်သည်။

**အာဒံ၏နောက်လိုက်များ**

အာဒံအား လူအစုအဝေးကြီး၏ခေါင်းဆောင်အဖြစ် ဆင်ခြင်ကြည့်ပါ။ လူသားထုတစ်ရပ်လုံးသည် မနာခံမှုဖြင့် အပြစ်တရားလမ်းကျယ်ကြီးတွင် အာဒံနောက်သို့ လိုက်လျှောက်နေကြ၏။ ဆွဲဆောင်မှုရှိပြီး စွဲမက်ဖွယ်ရာ ဤလမ်းတွင် အားတက်သရောလျှောက်လှမ်းသူများရှိသကဲ့သို့ တုံ့ဆိုင်းမှုဖြင့် လျှောက်လှမ်းမှုများလည်း ရှိသည်။ လူအများစုသည် မိမိတို့သည် အာဒံ၏နောက်သို့ လိုက်လျှောက်နေကြကြောင်း သတိမမူမိသော်လည်း အာဒံဦးဆောင်သည့်အဖွဲ့သာလျှင် ဖြစ်သည်။

သို့ရာတွင် တစ်ချိန်တစ်ခါ၌ အာဒံ၏နောက်လိုက်များသည် မိမိတို့လျှောက်လှမ်းနေသည့် လမ်းဆုံးတွင်ရှိသော အနိဋ္ဌာရုံကို စတင်မြင်တွေ့ကြသည်။ သေခြင်းတရားသည် ကြီးမားသည့်ပုံရိပ်အဖြစ် ၄င်းတို့ရှေ့မှောက်တွင် ပေါ်ပေါက်လာသည့်အခါ ရှေ့ဆက်မသွားလိုသော်လည်း အချိန်နှောင်းနေပြီဖြစ်သည်။ မိမိတို့သည် သေဆုံးလိုသောဆန္ဒမရှိသော်ငြားလည်း သေခြင်းတရားက ၎င်းတို့အား ရယူသွားတော့သည်။

သခင်ယေရှုခရစ်တော်မူကား ကွဲပြားခြားနားသည်။ အပြစ်တရားအား အစဉ်အမြဲဆန့်ကျင်ပြီး သေခြင်းကိုခံယူနိုင်သည်။ ကိုယ်တော်၏ အသက်တာနှင့် အသေခံခြင်းတရားက ၄င်းတို့အား ရယူသွားတော့သည်။

သခင်ယေရှုခရစ်တော်မူကား ကွဲပြားခြားနားသည်။ အပြစ်တရားအား အစဉ်အမြဲဆန့်ကျင်ပြီး သေခြင်းကိုခံယူနိုင်သည်။ ကိုယ်တော်၏အသက်တာနှင့် အသေခံခြင်းအားဖြင့် အာခံ၏လုပ်ဆောင်ချက် မှားယွင်း

ကြောင်း ဘုရားသခင်သာလျှင် မှန်ကန်ကြောင်းပြသခဲ့သည်။

မိမိအပြစ်များအတွက် တရားမျှတသည့် ဆုလက်ဆောင်အဖြစ် သေခြင်းတရားအား လက်ခံခြင်းသည် ထူးခြား၏။ သခင်ယေရှုခရစ်သည် အပြစ်တစ်ကြိမ်တစ်ခါမျှ မကျူးလွန်ဘဲ သေခြင်းတရားအား ခံယူခြင်းမှာ အလွန်ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

## လူသား၊ ယေရှုခရစ်တော်

သခင်ယေရှုသည် ကျွန်ုပ်တို့လူသားများထက် သာလွန်မြင့်မားသော သဘာဝရှိနေပါက ဤသင်ခန်းစာသည် အထင်ကြီးအံ့ဩဖွယ်မရှိပါ။ သမ္မာကျမ်းဖော်ပြချက်အရ သခင်ယေရှုတွင် ကျွန်ုပ်တို့နှင့် ထပ်တူညီသော သဘာဝသာလျှင်ရှိခဲ့သည်။ နားလည်မှုလွဲမှားနိုင်သဖြင့် အလွယ်ကူဆုံး အရှင်းဆုံးဖော်ပြပါမည်။

သခင်ယေရှု၌ လူသားဖခင်မရှိခဲ့ပါ။ ဘုရားသခင်၏ သားတော်ဟု ခေါ်ဆိုသည့်အတိုင်း ဘုရားသခင်သာလျှင် မိမိခမည်းတော်ဖြစ်သည်။ ဘုရားသခင်၏ အစွမ်းတန်ခိုးတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော် လူသားမျိုးနွယ်ဖြစ်သော မိခင်အားဖြင့် ဘုရားသခင်၏သားတော်ကို သန္ဓေတည်စေပြီး မွေးဖွားစေခဲ့သည်။

"ကောင်းကင်တမန်ကလည်း သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာသက်ရောက်တော်မူ၍ အမြင့်ဆုံးသော ဘုရား၏တန်ခိုး အာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထို သန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည် " (လု၊ ၁း၃၅)။

## ညီအစ်ကိုများနှင့် တူညီခြင်း

ယခုအခါတွင် ဘုရားသခင်၏ သားတော်သည်မဖေါက်ပြန် မပျက်စီး၊ မသေနိုင်တော့ပေ။ (ရှင်ပြန်ထမြောက်ပြီးသည့်အခါတွင် ဘုရားသခင်၏ သဘာဝကိုခံယူခဲ့သည်)သို့ရာတွင် ပထမအဆင့်တွင် ကျွန်ုပ်တို့၏ လူသားသဘာဝအား ဝေမျှခံယူခဲ့သည်။

"ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ ၄င်း၊ သေဘေးကိုကြောက်၍ တသက်လုံးကျွန်ခံရသော သူတို့ကို ကယ်လွတ်ခြင်းငှာ၄င်း၊ ထိုသူငယ်တို့၏နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။ အကြောင်းမူကား ခရစ်တော်သည် ကောင်းကင်တမန်တို့ကို မစတော်မူသည် မဟုတ်။ အာဗြဟံအမျိုးကို မစတော်မူ၏။ ထို့ကြောင့်ခရစ်တော်သည် လူတို့၏ အပြစ်ဖြေရာအကြောင်းကို စီရင်၍ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့၌ ဂရုဏာနှင့်၄င်း၊ သစ္စာနှင့်၄င်း၊ ပြည့်စုံသောယဇ်ပုရောဟိတ်ကြီးဖြင့် အံ့သောငှာ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏။ ထိုသို့ စုံစမ်းနှောင့်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့် စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့်တွေ့ကြုံသူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏ "
(ဟေဗြဲ၊ ၂း၁၄–၁၈)။

"ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏ " (ဟေဗြဲ၊ ၄း၁၅)။

နှုတ်ကပတ်တော်တွင် ဤသမ္မာတရားအား အလေးပေးဖော်ပြခြင်းမှာ အရေးကြီးသော အတိုင်းအတာကြောင့်ဖြစ်သည်။ သခင်ယေရှုသည် လူ့ဇာတိခံယူပြီး ကမ္ဘာလောကသို့ ကြွလာရာ၌ ကျွန်ုပ်တို့ကဲ့သို့ လူ့သဘာဝရှိခဲ့သည်ဟူသော သမ္မာကျမ်းသွန်သင်ချက်များအား အချို့တောထဲတွင် ရက်ပေါင်း (၄၀) စုံစမ်းခြင်းခံရသည်မှာ အလွန်ဆွဲဆောင်မှုရှိ၏။ ရုန်းကန်ပြီး တွန်းလှန်ခဲ့ရသည်။ သေခြင်းကို ခံယူရာ၌လည်း ဤကဲ့သို့ပင်ရုန်းကန်ခဲ့ရသည်။

အပြစ်တရားအား ဆန့်ကျင်ခြင်း၊ သေခြင်းတရားအား ခံယူခြင်းအားဖြင့် သခင်ယေရှုသည် ဤကြီးမားသောအငြင်းပွားမှု၌ ဘုရားသခင်ဖက်မှ ပြတ်သားစွာ ဝင်ရောက်ခဲ့ပြီး အာဒံ၏လုပ်ရပ်အား အသိအမှတ်မပြုဘဲ ငြင်းပယ်ခဲ့သည်။

## အပြစ်အပေါ်တွင် ခရစ်တော်၏အောင်မြင်ခြင်း

မိမိ၏အသက်တာနှင့် အသေခံခြင်းတွင် သခင်ယေရှုသည် ခမည်းတော်အား (အာဒံကိုမဟုတ်ပေ)ဖြောင့်မတ်သူအဖြစ် ဂုဏ်ပြုခဲ့သည်။ ထို့ကြောင့် စရိုက်သဘာဝအားဖြင့် သခင်ယေရှုသည် ခမည်းတော်၏အလိုတော်နှင့်တစ်ထပ်တည်းတူညီခဲ့သည်။ စစ်မှန်သောသားတစ်ဦးကဲ့သို့ ဖခင်အား ဂုဏ်ပြုခဲ့သည်။ ဘုရားသခင်ကလည်း မိမိ၏သားကို ပြန်လည်ဂုဏ်ပြုကာ သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်စေပြီး မသေနိုင်သောမဖေါက်ပြန်သော ထာဝရတည်သော အပြစ်ကိုပေးအပ်သည်။

သခင်ယေရှုခရစ်တော်ဦးဆောင်သည့် လူစုကိုဆင်ခြင်သုံးသပ်ကြည့်ပါစို့။ သခင်ယေရှုသည် တပည့်တော်များအား မိန့်ကြားခဲ့သည်။ “ထိုအခါ ယေရှုက ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ့်ကိုယ်ကို ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်” (မဿဲ၊ ၁၆း၂၄)။

ပုံရိပ်ကိုသင်မြင်ပါသလား။ သခင်ယေရှုက ဦးဆောင်လျှက် လက်ဝါးကပ်တိုင်တင်မည့်အရပ်သို့ သွားနေသည်။ နောက်တော်မှလိုက်နေသောသူများသည် အာဒံနောက်သို့လိုက်ခြင်းမှ ခွဲခွာလာသူများဖြစ်သည်။ လူတိုင်းသည် လက်ဝါးကပ်တိုင်၏ ဝန်အောက်တွင်ညွတ်ပြားနေကြသည်။ လက်ဝါးကပ်တိုင်တွင် အသေခံခြင်းမှာ မိမိ၏ရွေးချယ်မှုဖြင့်သည်။ ထိုသူများသည် မိမိတို့၏ ခေါင်းဆောင်ကဲ့သို့ပင် ဘုရားသခင်သည်သာမှန်ကန်ကြောင်း ခံယူကြသူများဖြစ်၏။ သခင်ခရစ်တော်နှင့်အတူ အသေခံခြင်းအားဖြင့် ခရစ်တော်၌ အသက်ရှင်ကြရသည်။

## ဗတ္တိဇံ–ခရစ်တော်နှင့်အတူမြှုပ်နှံခြင်း

လူများသည် သခင်ယေရှုခရစ်၏ နောက်လိုက်ဖြစ်ရန်ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ဗတ္တိဇံအားဖြင့် သရုပ်ဖော်ကြ၏။ အကြောင်းအရာကို ရောမ၊၆တွင် ဖော်ပြထားသည်။

“ထိုသို့မှန်လျှင် အဘယ်သို့ပြောရမည်နည်း။ ကျေးဇူးတော်ပွားများစေခြင်းငှာ အပြစ်တရားကို ကျင့်၍နေရမည်လော။ ထိုသို့မနေရ။ အပြစ်တရားမှ စုတေသောသူတို့ကို ထိုတရား၌ အဘယ်သို့ရှင်ရဦးမည်နည်း။ ယေရှုခရစ်၌ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြရသည်ဟု သင်တို့မသိသလော။ ထို့ကြောင့် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြရ၏။ အကြောင်းမူကား ခရစ်တော်သည်နည်းတူ ငါတို့သည်လည်း အသစ်သော အသက်၌ ကျင်လည်ရကြသတည်း။ တစ်နည်းကား အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိကြလိမ့်မည်။ ထိုမှတစ်ပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား ငါတို့သည်နောက်မှ အပြစ်တရား၏အစေကို မခံစေခြင်းငှာ အပြစ်

တရား၏ကိုယ်ကို ဖျက်ဆီးမည်အကြောင်းတည်း”(ရောမ၊ ၆း၁-၆)။

ယုံကြည်သူတစ်ဦး ဗတ္တိဇံခံခြင်းသည် မိမိအား သခင်ယေရှုခရစ်နှင့် ပေါင်းစည်းမှုဖြစ်ပေါ်စေကြောင်း တွေ့ရသည်။ ခရစ်တော်နှင့်အတူအသေသတ်ခြင်းခံသည့်အပြစ်အတွက် လက်ဝါးကပ်တိုင်တွင် ရိုက်ထားခြင်းခံရသည်။ ယခင် ရှင်သန်ခဲ့သည့်အသက်တအား ငြင်းပယ်သည်။ ဗတ္တိဇံခံယူပြီးနောက် မိမိရှင်သန်သည့် အသက်တာသည် ရှင်ပြန်ထမြောက်ပြီးသော ခရစ်တော်ကဲ့သို့ပင် အသက်တာသစ်ဖြစ်သည်။

## သူ့ဘက်ကိုယ့်ဘက်ပြောင်းလဲခြင်း

ယခင်က တင်ပြထားသည့် သုံးသပ်ချက်တစ်ခုအား ပြန်လည်စဉ်းစားရာတွင် လောကသားအားလုံးသည် ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်ရာ၌ ပါဝင်သူများပင်ဖြစ်ကြသည်။ ကျွန်ုပ်တို့ယခုမြင်တွေ့ရသောအရာမှာ ဗတ္တိဇံခံသော ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ အသေသတ်ခံခြင်းဖြစ်၏။ ထိုသူသည် ဘက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်အား အသေသတ်သူများသည် အသတ်ခံရသူများဖြစ်လာသည်။ ဖိနှိပ်ချုပ်ချယ်သူများသည်လည်း ဖိနှိပ်ချုပ်ချယ်ခံရသူများဖြစ်ကြသည်။

တာရှုမြို့သားရှောလုဟူသော သူ၌အလွန်ထူးခြားသည့် ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်ခဲ့သည်။ တစ်ချိန်က ရှောလုသည် “သခင်ဘုရား၏တပည့်တော်တို့ တစ်ဘက်၌ ခြိမ်းခြောက်၍အသေသတ်ခြင်းငှာ ပြင်းစွာအသက်ရှုသဖြင့်”(တမန်၊၉း၁)သခင်ယေရှုသည် ရှောလုအား ဟန့်တားကာ ပြစ်တင်ကြိမ်းမောင်းခဲ့သည်။ မိမိ၏တပည့်များနှင့်အတူ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်၍ ရှောလုအား မေးမြန်းရာတွင် “ရှောလု၊ ရှောလု၊ အဘယ်ကြောင့် ငါ့ကို ညှင်းဆဲသနည်း”ရှောလု၏ မေးမြန်းချက်အား တုန့်ပြန်ရာတွင် “ငါကား သင်ညှင်းဆဲသော ယေရှုဖြစ်သတည်း”(တမန်၊၉း၄၊၅)။

ရှောလုပြောင်းလဲသွားသည့်အခါ ဖိနှိပ်ချုပ်ချယ်ခြင်းခံစားရန် လိုအပ်လာသည်။ “အကြောင်းမူကား ထိုသူသည် ငါ၏နာမကြောင့် အဘယ်မျှလောက် ပင်ပန်းဆင်းရဲခံရမည်ကို ငါသည်သူ့အားပြမည်”(တမန်၊၉း၁၆) ဟူ၍ ဘုရားသခင်က ပြောဆိုခဲ့သည်။ ရှောလုသည် မည်မျှခံစားခဲ့ရပါသနည်း။

## ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်၌ အရိုက်ခံခြင်း

နောက်ပိုင်းတွင် ရှောလု(ပေါလုဟု အမည်ပြောင်းထားပြီးသူ)သည် ဂလာတိမြို့သားများထံသို့ ရေးသားခဲ့သည်။

“ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်တာသည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ ငါသည်လည်း ဤလောကအဖို့ ရိုက်ထားခြင်းကို ခံလျက်ရှိ၏”(ဂလာ၊၆း၁၄)။

ဤကျမ်းချက်များတွင် ပေါလုသည် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်း(၂)မျိုးနှင့်ပတ်သက်နေကြောင်း တွေ့ရ၏။ (၁) “ဤလောကသည် ငါ့အဘို့ရိုက်ထားခြင်းကို ခံရလျက်ရှိ၏”(၂) ငါသည်လည်း ဤလောကအဘို့ ရိုက်ထားခြင်းကိုခံရလျက်ရှိ၏။ ဒုတိယရိုက်ထားခြင်းကို နားလည်သဘောပေါက်ရန် လွယ်ကူသည်။ ပေါလုသည် ခရစ်တော်၏နောက်လိုက်ဖြစ်သည့်အတွက် ရန်မူနေသော ကမ္ဘာလောကကြီးက လက်ဝါးကပ်တိုင်၌ ရိုက်ထားခဲ့သည်။ ပထမအကြိမ် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းသည် အဘယ်သို့ဖြစ်သနည်း။ ပေါလုနှင့် အခြားယုံကြည်သူများသည် လက်ဝါးကပ်တိုင်၌ ရိုက်ထားသူများဖြစ်ကြသည်။ မည်ကဲ့သို့ဖြစ်နိုင်မည်နည်း။

အဖြေမှာ ကမ္ဘာလောကသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ရှိသည့်အပြင် တစ်ဦးချင်း၏အတွင်း၌လည်း တည်ရှိနေသည်။ လူသားတို့၏အလိုဆန္ဒများအား လောက(လောကီ)ဟုခေါ်ဆိုသည်။ (၁ယော၊၂း၁၆)။ ကျွန်ုပ်တို့အတွင်း၌ရှိသော လောကဇာတိဟူ၍ခေါ်ဆိုသည့်အရာအားလည်း လက်ဝါးကပ်တိုင်တွင် ရိုက်ထားရမည်ဖြစ်သည်။ ပေါလုက ဖော်ပြခဲ့သည်မှာ

"ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုငှင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုငှင်း လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ" (ဂလာ၊ ၅း၂၄)

တပည့်တော်များသည် လောက၌ စစ်မျက်နှာ(၂)ခုနှင့် ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ပြင်ဆင်ရမည်။ ဘုရားသခင်နှင့်ဆန့်ကျင်ဖက်ဖြစ်သော အကျိုးသက်ရောက်မှုများအား လက်ဝါးကပ်တိုင်၌ ရိုက်ထားဖျက်ဆီးပစ်ရမည်။ ထိုသူများသည် အပြစ်တရားကို မုန်းတီးသည့်အတွက် ကမ္ဘာလောက၏ ရန်လိုမှုကိုခံစားရမည်။ ကမ္ဘာလောက၏ ရန်လိုမှုသည် နည်းအမျိုးမျိုးဖြင့် သရုပ်ဖော်ပြသည်။ တစ်ခါတရံတွင် တိုက်ရိုက်ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုဖြစ်သည်။ တစ်ခါတရံ ဖိနှိပ်ချုပ်ချယ်ခြင်းအားဖြင့် လုပ်ဆောင်သည်။ ကမ္ဘာလောကတွင်းရှိ လူများသည် စစ်မှန်သော ခရစ်ယာန်များအား မလိုလားကြောင်း ဖော်ပြသည့်နည်းလမ်းအမျိုးမျိုးရှိသည်။

## ကိုယ်စားလှယ်အစားထိုးခြင်းခံရသူမဟုတ်

ကျွန်ုပ်တို့အတွက် ခရစ်တော်အသေခံသည်ဟူသောအချက်မှာ ဓမ္မသစ်ကျမ်း သွန်သင်ချက်အတွက် အရေးကြီးသည်။ သို့ရာတွင် အချက်တစ်ချက်အားဖြင့် အမြင်ကြည်လင်ဖို့ရန် အရေးကြီးသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့သော်လည်း ကျွန်ုပ်တို့အစား အသေခံခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့ခံယူပြီးသည့်အတိုင်း ခရစ်တော်၏တပည့်တော်များသည် ခရစ်တော်နှင့်အတူ အသေခံကြရမည်။ ဤအရာသည် ဗတ္တိဇံ၏အဓိပ္ပါယ်ဖြစ်သည်။ "ထိုမှတပါး ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံပြီဟု ငါတို့သိကြ၏" (ရောမ၊၆း၆)။

ဒေင်ဥယျာဉ်၌ လူသားများအပေါ်တွင် ဘုရားသခင်သေဒဏ်စီရင်ခဲ့သည့်အခါ မိမိ၏ဖြောင့်မတ်မှုပညတ်တရားအတိုင်း ချမှတ်ခြင်းဖြစ်သည်။ ဘုရားသခင်သည် တရားစီရင်ချက်အား စွန့်လွှတ်မည်ဆိုပါက အပြစ်တရား၌ လေးနက်မှုမရှိ အရေးမကြီးဟု ပြောကြားမည်ဖြစ်သည်။ ထို့ကြောင့် ဒေင်ဥယျာဉ်၏တရားစီရင်ချက်သည် တည်လျက်ရှိနေပြီးကျွန်ုပ်တို့အယောက်အတိုင်း အပြစ်ကြောင့်သေရမည်။

အနေးနှင့်အမြန်ဆိုသလိုပင် သေခြင်းတရားကို လူသားအားလုံးရင်ဆိုင်ရမည်။ သို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ယုတ်ညံ့သောမျှော်လင့်ချက်ကင်းမဲ့သော သတိပေးနေသည်။ လက်ဝါးကပ်တိုင်တွင် အသေတ်ခံရရန်အတွက် ကျွန်ုပ်တို့သည် မိမိသဘောအတိုင်း လုပ်ဆောင်ရမည်။

ခရစ်တော်အကြောင်း ယခုစဉ်းစားဆင်ခြင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်ဖြစ်ပြီး ဝေဒနာခံစားမှု၊ စုံစမ်းခြင်းနှင့် လူသားစင်စစ်ဖြစ်ခြင်းအားဖြင့် မိမိကိုယ်မိမိ လူသားထုနှင့်အသိအမှတ်ပြုခံခဲ့သည်။ သခင်ယေရှုသည် အပြစ်မကျူးလွန်ခဲ့သော်လည်း သူတစ်ပါး၏အပြစ်များအတွက် ကြီးမားသည့် ဝန်ထုပ်ကို ထမ်းဆောင်ခဲ့ပြီးနောက် နာကျင်မှု ဝေဒနာနှင့် ရှက်ဖွယ်ဖြစ်ရပ်များကိုပါ ဆက်လက်ခံစားရသည်။ ပရောဖက်ဟေရှာယသည် ဤအချက်အား အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်းနှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်

အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက် ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။ ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသော သူးသူငယ်ကဲ့သို့ သူ့ကိုဆောင်၍ သိုးသည်အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏ (ဟေရှာ၊ ၅၃း၅–၇)။

တစ်ခါတရံ မေးခွန်းထုတ်တတ်သည်။ သခင်ယေရှုသည် အလွန်ပင် နာကျင်ပြီး အရှက်တကွဲဖြစ်ရသည့် သေဆုံးခြင်းနှင့်အဘယ့်ကြောင့်ရင်ဆိုင်ခဲ့ရသနည်း။ အကြောင်းရင်းမှာ သူတပါးတို့၏အပြစ်များကို ခံစားခဲ့သောကြောင့်ဖြစ်သည်။ ကိုယ်တော်နှင့်အသိအမှတ်ပြုခံသောသူတို့၏ အပြစ်များကို ခံစားခဲ့သည်။ လက်ဝါးကပ်တိုင်၌ နာကျင်မှုနှင့် အရှက်ရခြင်းသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် ခံစားသင့်သော တရားမျှတသည့် ဆုလာဒ်ဖြစ်သည်။ နောင်တရသော ခိုးသားသည် လက်ဝါးကပ်တိုင်တွင် မိမိအသေခံသင့်ကြောင်း သိသည် (လုကာ၊ ၂၃း၄၀၊ ၄၁)။ စစ်မှန်သော ခရစ်ယာန်များသည်လည်း ထိုကဲ့သို့ပင် ခံစားရသည်။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် လူသားသဘာဝခံသင့်ခံထိုက်သည့် ပြစ်ဒဏ်အား ကမ္ဘာလောကကြီးကို ဖော်ပြခဲ့သည်။

သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်ဖြစ်သည်။ အသက်ရှင်ခြင်းနှင့်အသေခံခြင်းတို့၌ လူသား၏သဘာဝဖြင့် မိမိကိုယ်မိမိ အသိအမှတ်ပြုခဲ့သည်။ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုနှင့်အတူ အသိအမှတ်ပြုခြင်းခံရမည်။ အတူလည်း အသေခံရမည်။ ထို့နောက် သေခြင်းတရားဩဇာတန်ခိုးလွှမ်းမိုးနိုင်သည့်အသက်တာ၌ ခရစ်တော်နှင့်အတူ ပြန်လည်ပြီး ရှင်ပြန်ထမြောက်ကြရမည်။

“သစ္စာစကားဟူမူကား ထိုသခင်နှင့်အတူသေလျှင် အတူရှင်လိမ့်မည်။ သည်းခံလျှင် ထိုသခင်နှင့်အတူ စိုးစံလိမ့်မည်။ ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင် ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်”(၂တိ၊၂း၁၁၊၁၂)။

## ကြေးဖြင့်သွန်းလောင်းသော မြွေ–ဘုရားသခင်၏ သိုးသူငယ်

ယောဟန်ခရစ်ဝင်ကျမ်းတွင် သခင်ယေရှုအား သိုးသူငယ်ဟု ဖော်ပြသည်။ “ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏ သိုးသူငယ်ကိုကြည့်လော”(ယော၊၁း၂၉)။ ထိုခရစ်ဝင်ကျမ်း၌ပင် သခင်ယေရှုသည် မိမိကိုယ်မိမိ ကြေးဖြင့်သွန်းလောင်းသောမြွေဖြင့် နှိုင်းယှဉ်ခဲ့သည်။ “မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်” ယော၊၃း၁၄)။

သည့်ထက်ကြီးမားသည့် နှိုင်းယှဉ်ချက်ကို စဉ်းစားဆင်ခြင်၍ မရနိုင်ပေ။ သိုးများသည် ဆွဲဆောင်မှုရှိကာ အပြစ်ကင်းစင်ပြီး တန်ဘိုးကြီးမားသည်။ မြွေမူကား ရွံ့ရှာဖွယ်ရာ၊ ဆိုးဝါးပြီးအန္တရာယ်ရှိသည်။ ကျွန်ုပ်တို့၏သခင်သည် မိမိကိုယ်မိမိ မြွေနှင့်မနှိုင်းယှဉ်ခဲ့ပါက ကျွန်ုပ်တို့ နှိုင်းယှဉ်ဝံ့မည်မဟုတ်ပေ။ သခင်ယေရှုသည် မိမိအသေခံခြင်းအရာ၌ သိုးနှင့်မြွေတို့အား သာဓကများအဖြစ် အသုံးပြုခြင်းသည် အလွန်ပင်ထူးခြားသည်။ ဤအရာများဖြင့် ကျွန်ုပ်တို့နားလည်သဘောပေါက်ရမည့် သမ္မာတရားများ တည်ရှိနေကြောင်း သိရမည်။ ကြေးသွန်းထားသော မြွေနှင့်နှိုင်းယှဉ်ခြင်းမှာ အန္တရာယ်မပြုနိုင်သည့် သတ္တဝါ၏ပုံရိပ်အား အလွန်အန္တရာယ်ကြီးမားသော ဆိုးယုတ်မှုစွမ်းအားနှင့် နှိုင်းယှဉ်ချက်ကို မမေ့လျော့ပါနှင့်။

ကြေးဖြင့်သွန်းသောမြွေအကြောင်း တောလည်ရာကျမ်း (၂၁)တွင် ဖော်ပြထားသည်။ ဣသရေလ လူမျိုးများသည် ဘုရားသခင်၏ ကောင်းမွန်သော ဆုလက်ဆောင်များနှင့်ပတ်သက်ပြီး စဉ်းဆက်မပြတ် ငြီးတွားခဲ့ခြင်း

ကြောင့် ၄င်းတို့အပေါ် ဘုရားသခင်၏ အမျက်ဒေါသသက်ရောက်စခဲ့သည်။ ဘုရားသခင်သည် လူများအကြား မီးတောက်လောင်နေသည့် မြွေများအား စေလွှတ်ခဲ့သဖြင့် လူအများအပြား မြွေကိုက်ခံခဲ့ရပြီး သေကြရသည်။ ထိုနောက် သနားခြင်းကရုဏာတော်အားဖြင့် ဘုရားသခင်သည် မောရှေအား ကြေးဖြင့်သွန်းလောင်းသောမြွေကို ပြုလုပ်စေပြီး ထိခိုက်လျက်ရှိသော လူများအလယ်၌ တိုင်ပေါ်တွင်တင်ထားစေခဲ့သည်။ သေလုနီးပါးကျသရေလလူမျိုးများတို့သည် ကြေးဖြင့်သွန်းလောင်းထားသောမြွေအား မော့ကြည့်ခြင်းဖြင့် အနာရောဂါငြိမ်းကြရသည်။

**ယေရှု၏ပညတ်တရားသည် မကယ်တင်နိုင်ခဲ့ပေ**

ဤဖြစ်ရပ်မှန်တွင် အရေးကြီးသည် သင်ခန်းစာများပါရှိသည်။ လူသားများအား သေခြင်းတရားမှကယ်တင်နိုင်ရန် မောရှေ၏ပညတ်တရားက မစွမ်းဆောင်နိုင်ကြောင်း ပေါ်လွင်စေသည်။ ဤကဲ့သို့ ဆိုးဝါးသည့် အခြေအနေအား ရင်ဆိုင်ရန်အတွက် ပညတ်တရားသည် မည်သို့မျှလုပ်ဆောင်နိုင်စွမ်းမရှိပေ။ ကျွန်ုပ်တို့ မျှော်မှန်းသကဲ့သို့ပင် မောရှေအားဘုရားသခင်ပေးထားသော ပညတ်တရားဥပဒေစုစည်းမှုသာလျှင် ဖြစ်သည်။ ပညတ်တရားကို ထိန်းသိမ်းလိုက်လျှောက်သူများအတွက် ကြွယ်ဝသောကောင်းချီးမင်္ဂလာများ ခံစားရမည်ဟု သိထားသည်။ ပြဿနာမှာ လူသားသည် ပညတ်တရား၏ သင့်တင့်လျောက်ပတ်သော တောင်းဆိုချက်အားလိုက်လျှောက်နိုင်ရန် ကောင်းမွန်ပြည့်စုံခြင်းမရှိပေ။

"ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကိုထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရ" (ရောမ၊ ၃း၂၀)။

သို့ရာတွင် မောရှေ၏ ပညတ်တရားများ၌ ပါဝင်သောလုပ်ထုံးလုပ်နည်းများနှင့် စီမံချက်များသည် သွန်သင်မှုအား ကျွန်ုပ်တို့ကို ပေးခဲ့ခြင်းသာဖြစ်သည်။ ပညတ်တရားသည် လူသားအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကရုဏာသက်မှုအား ရောင်ပြန်ဟပ်စေသည်။ "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏အထိန်းဖြစ်သတည်း" (ဂလာ၊၃း၂၄)။ ချစ်မြတ်နိုးသော သားအသေခံခြင်းအားဖြင့် ဘုရားသခင်၏ ပေးဆင်ခြင်းလုပ်ငန်းအား ပညတ်တရားသည် ပိုင်းခြားတတ်သော ဣသရေလလူများအားဖြင့် သင်ပေးပြီးကြောင်း ကျွန်ုပ်တို့အားနားလည်သဘောပေါက်စေရန် အထောက်အကူပေးသည်။

**ယုံကြည်ခြင်း၊ ကျေးဇူးတော်၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ**

မိမိတို့သည် သေသင့်သောအပြစ်သားများဖြစ်သည်ဟူသော နှိမ့်ချသော စိတ်သဘောဖြင့် မသိသရွေ့ လူသားများ ကယ်တင်ခြင်းမရနိုင်။ မိမိတို့၏ ဆိုးယုတ်ညစ်ညူးမှုကို သိရှိဝန်ခံသူတို့အတွက်သာ အောက်ပါကျမ်းချက်နှင့် သက်ဆိုင်သည်။

"ယခုမူကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ မစပ်ဆိုင်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတည်းဟူသော ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်ယုံကြည်သောသူအပေါင်းတို့အဘို့ဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်းအလျှင်းမရှိ။ အဘယ့်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဆိုးကိုမပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။ (ရောမ၊ ၃း၂၁–၂၄)။

ကြေးသွန်းထားသော မြွေ၏အဖြစ်အပျက်သည် ပြဇာတ်ဆန်ဆန်ဥပမာတစ်ခုသာဖြစ်ပြီး လူသားများအား အပြစ်တရားတည်းဟူသော မြွေ

ကိုက်ခြင်းမှ ကယ်တင်နိုင်ရန် မောရှေ၏ ပညတ်တရား၌ အစွမ်းတန်ခိုးမရှိကြောင်း သရုပ်ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားသခင်သည် မိမိ၏တပါးတည်းသော သားတော်ကို ပေးဆပ်ရခြင်းဖြစ်သည်။

ဘုရားသခင်သည် မိမိကိုယ်မိမိ သတ္တဝါအများထဲမှ မြွေနှင့်အဘယ့်ကြောင့် နှိုင်းယှဉ်သနည်း။ ဘုရားသခင်၏သားတော်သည် လူသားပုံသဏ္ဌာန်အားဖြင့် ကြွလာခဲ့သည်။ စရိုက်သဘောအားဖြင့် ပြည့်စုံသော်ငြားလည်း အာဒံထံမှ မြွေ၏သဘာဝတည်းဟူသော အပြစ်ကျူးလွန်ရန် စုံစမ်းစေနိုင်သည့် သဘာဝအား အမွေရသည်။ ဤသဘာဝသည် ဒုက္ခ၊ ပြဿနာအားလုံး၏ ဇစ်မြစ်ဖြစ်သဖြင့် ၎င်းအား ကျိန်ဆဲပြီး လက်ဝါးကပ်တိုင်သို့ တင်ဆောင်ကာ အသေသတ်ရန်ဖြစ်သည်။

လူတစ်ဦးအား သစ်ပင်၊ တိုင် သို့မဟုတ် လက်ဝါးကပ်တိုင်၌ ချိတ်ဆွဲထားခြင်းသည် အထိမ်းအမှတ်သင်္ကေတတစ်ခုသာလျှင်ဖြစ်သည်။ ဟေဗြဲထုံးတမ်းအရ ထိုသူအား ကျိန်ဆိုခြင်းဖြစ်သည်။ သမ္မာကျမ်းအရ ဖော်ပြရလျှင် “သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူသည် ကျိန်ခြင်းကို ခံရသောသူဖြစ်၏”(တရား၊ ၂၁း၂၃)။ “ဘုရားသခင်သည် တိုင်ပေါ်တွင် ချိတ်ဆွဲထားသော ကြေးသွန်းမြွေနှင့် မိမိကိုယ်မိမိ နှိုင်းယှဉ်ခြင်းမှာ သေခြင်းတရားမှ ကယ်တင်ခြင်းရရန်ဖြစ်သည်။ ဘုရားသခင်၏အခွင့်အာဏာအား ဆန့်ကျင်လိုသော အရည်အချင်းရှိသည့် လူသားသဘာဝအား ကျိန်ဆဲဖျက်ဆီးမှသာလျှင် ရနိုင်မည်ဖြစ်ကြောင်း သွန်သင်ဖော်ပြခြင်းဖြစ်သည်။ ပုန်လန်လိုသော သဘာဝအား အပြစ်ကင်းစွာသယ်ဆောင်လာရသည့် သခင်ယေရှုခရစ်တော်က ဇာတိသဘာဝနှင့်ပတ်သက်ပြီး မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ပြသခဲ့သည်။ လူသားသဘာဝအား လက်ဝါးကပ်တိုင်တွင် ရိုက်ထားခဲ့ပြီး အခြားသူများအားလည်း ထိုကဲ့သို့ လုပ်ဆောင်ရန်ဖိတ်ခေါ်ခဲ့သည်။

## ပဿခါပွဲတော်

ကျွန်ုပ်တို့၏ အတွေးအခေါ်များအား ဓမ္မဟောင်းခေတ်ဆီသို့ ပြန်လည်ခေါ်ဆောင်သွားသော အခြားလက္ခဏာသင်္ကေတတစ်ခုမှာ “သိုးသူငယ်ပင်ဖြစ်သည်။ ဣသရေလနိုင်ငံတစ်နိုင်ငံအနေနှင့် အဲဂုတ္တုပြည်၌ ရာဇဝင်သမိုင်းစတင်ကျင်းပခဲ့သော ပဿခါပွဲတော်ပင်ဖြစ်သည်။ ရှေးဦးစွာ ကပ်ရောဂါအမျိုးစုံသက်ရောက်ခဲ့ပြီး အဲဂုတ္တုသားဦးအားလုံးသေဆုံးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ဣသရေလသည်လည်း အလိုအလျောက် ကင်းလွတ်ခွင့်၊ လွတ်ငြိမ်းခွင့်မရခဲ့ပေ။ ၎င်းတို့အနေနှင့် အပြစ်အနာအဆာကင်းမဲ့သော သိုးသူငယ်အား သတ်ဖြတ်ပြီး အသားကိုစားသုံးကာ အသွေးကို မိမိတို့နေအိမ်များ၌ တံခါးဘောင်များ၊ တိုင်များတွင် သုတ်လိမ်းထားရခြင်းဖြစ်သည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် အဲဂုတ္တုသားဦးများ ပျက်စီးခြင်းကြုံတွေ့ရသည့်အခါတွင် မိမိတို့၏သားဦးများ အသက်ချမ်းသာရခဲ့ကြသည် (ထွက်၊ ၁၂ ကိုကြည့်ပါ)။

ပျက်စီးစေနိုင်သည့် အစွမ်းတန်ခိုးနှင့် ကယ်တင်နိုင်စွမ်းရှိသည့် အစွမ်းတန်ခိုးတည်းဟူသော ဘုရားသခင်၏ အစွမ်းတန်ခိုးအား အံ့သြဖွယ်ရာ သရုပ်ဖော်ခြင်း၏ အဆုံးစွန်ရလဒ်မှာ ဣသရေလတစ်မျိုးလုံးအား အဲဂုတ္တုနိုင်ငံ၏ ချည်နှောင်ခြင်းမှ လွတ်မြောက်ခွင့်ရခြင်းဖြစ်သည်။ ဤကဲ့သို့သော ကြီးမားသည့်လွတ်မြောက်ခြင်းအား ဣသရေလသားသမီးများ မည်သည့်အခါမျှ မေ့လျော့ခြင်းမရှိနိုင်စေရန်အတွက် နှစ်စဉ်ပဿခါပွဲတော်ကျင်းပရန် ဘုရားသခင် ညွှန်ကြားခဲ့သည်။ အဲဂုတ္တုနိုင်ငံမှလွတ်မြောက်ခြင်းအား ထင်ရှားပေါ်လွင်စွာ အမှတ်တရဖြစ်နေစေရန်အတွက် မိသားစုတိုင်းသည် နှစ်စဉ်ထိုနေ့ရက်ရောက်လျှင် သိုးသူငယ်တစ်ကောင်အား သတ်ဖြတ်ပြီး စားသောက်ကြရသည်။ မွေးဖွားခြင်းမရှိသေးသော မျိုးရိုးစဉ်ဆက်များသည် ကံကြမ္မာသတ်မှတ်သော ညတစ်ညအတွက် ဘုရားသခင်အား ကျေးဇူးတင်ရမည်။

ခမ္မသစ်ကာလ ဂျူးလူမျိုးများသည် ပသာခါပွဲတော်အား နှစ်စဉ်ကျင်းပဆင်နွှဲရန် အထူးသတိပြုခဲ့ကြသည်။ မည်သည့်အချက်ကိုမျှ မကျန်ရှိစေရန် အထူးဂရုစိုက်ပြုလုပ်ဆောင်ရွက်ကြသည်။ လိုအပ်သည်ထက် ပိုမိုပြီး လုပ်ဆောင်ကြသည်။ သို့ရာတွင် ထိုသူတို့၏ စိတ်နှလုံးထဲတွင် ကျေးဇူးတရားမပါရှိကြပေ။ ယဇ်ပုရောဟိတ်များ၊ အုပ်ချုပ်သူများသည် ပဿခါပွဲတော် ကျင်းပနိုင်ရန် ကြီးမားသည့် လွတ်မြောက်မှုအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြရန် ကြီးကျယ်ခမ်းနားသည့် ပြင်ဆင်မှုများပြုလုပ်နေသည့် အချိန်၌ပင် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်အား သတ်ဖြတ်ရန် ကြံရွယ်နေကြသည်။

## သာ၍ကြီးမားသော လွတ်မြောက်ခြင်း

သို့ရာတွင် ဘုရားသခင်၌လည်း အစီအစဉ်များရှိနေသည်။ မိမိတို့သတိမပြုမိသော်ငြားလည်း အကောက်ကြံစည်နေသည့် ပုရောဟိတ်များသည် ဘုရားသခင်၏ သိုးသငယ်ဖြစ်ပြီး ကမ္ဘာလောကထဲမှ အပြစ်များကို ယူဆောင်သွားသောပဿခါ သိုးသူငယ်အား ပူဇော်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုသိုးသူငယ်အသေသတ်ခံခြင်းအားဖြင့် အဲဂုတ္တုချည်နှောင်မှုထက် ပိုမိုပြီး ပြင်းထန်သောအပြစ်နှင့်သေခြင်းတည်းဟူသော ချည်နှောင်မှုမှ လွတ်မြောက်ခြင်းရမည်။

သိုးသူငယ်၏ သင်ခန်းစာမှာအဘယ်နည်း။ သန့်ရှင်းပြီး အဖိုးထိုက်တန်သော လူသား တတ်နိုင်စွမ်းသည့် အကောင်းဆုံးအရာကို ကိုယ်စားပြုပေးသည်။ ဘုရားသခင်အား အကောင်းဆုံးကို ပူဇော်ဆက်သကြသည်။ ကောင်းသောအရာမှန်သမျှသည် ဘုရားသခင်ထံမှ သက်ရောက်ပြီး ဘုရားသခင်ကသာ ပိုင်ဆိုင်သည်။ လူသားအားလုံးသည် ဘုရားသခင်အား မိမိတို့အထဲ၌ ထိုက်တန်သည့်အရာများ၊ ဥစ္စာပစ္စည်းများနှင့်အသက်ကိုပင် ပူဇော်ဆက်သရမည်ဖြစ်သည်။ ပူဇော်သူအစား အထိမ်းအမှတ် သိုးသူငယ်ကိုသာ ပူဇော်ခဲ့ခြင်းမဟုတ်ပေ။ သိုးသည် ထိုသူ၌ရှိသော အကောင်းဆုံးအရာများအား ကိုယ်စားပြုပြီး ဘုရားသခင်ထံတော်တွင် လုံးဝအည့်ခံသည့် ပုံသဏ္ဌာန်ကို ဆောင်ပေးသည်။ သိုး၏အသားကို စားသောက်ခြင်းအားဖြင့် ဣသရေလလူမျိုးတို့သည် သိုးနှင့်အတူ အသိအမှတ်ပြုခံခြင်းအထိမ်းအမှတ်ကို သရုပ်ဖော်ဆောင်ကြသည်။ တစ်နည်းအားဖြင့် သိုး၏အသွေးသည် ၎င်းတို့၏အသွေး၊ သိုး၏အသက်သည် ၎င်းတို့၏အသက်အဖြစ် ကိုယ်စားပြုဖော်ပြသည်။ ဤအခမ်းအနားအားဖြင့် ၎င်းတို့သည် မိမိကိုယ်မိမိ ဘုရားသခင်ထံ ပူဇော်ဆက်သပြီး မိမိကိုယ်မိမိ မပိုင်ဆိုင်တော့ကြောင်း ကြေညာခဲ့သည်။ ဘုရားသခင်ကလည်း ထိုသူတို့အား ကိုယ်တော်သာ ပိုင်ဆိုင်ကြောင်းသတ်မှတ်ပြီး လွတ်မြောက်ခြင်းအခွင့်ပေးသည်။

ဘုရားသခင်၏ သိုးသူငယ်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။ အထောက်အကူ လိုအပ်ချက်အားသိသဖြင့် အဖခမည်းတော်ထံမှ ခွဲလုံ့လရှိရှိ တောင်းခံရယူခဲ့သည်။ သခင်ယေရှု၏ စရိုက်လက္ခဏာကောင်းမြတ်ခြင်းနှင့်ပြည့်စုံခြင်းတို့သည် ဘုရားသခင်ထံမှ ရသည့်အတွက် ဘုရားသခင်အား ပြန်လည်၍ ပူဇော်ဆက်သခဲ့သည်။ ကိုယ်တော်၏ ပြည့်စုံမှုကို အားကျရန် ကိုယ်တော်နှင့် အသိအမှတ်ပြုခံရန်နှင့် ကိုယ်တော်မှတဆင့် မိမိကိုယ်မိမိ ဘုရားသခင်ထံတော်သို့ဆက်သရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်လျက်ရှိသည်။ ဘုရားသခင်သည် ရှေးခေတ်က ဣသရေလကဲ့သို့ပင် ကျွန်ုပ်တို့အား အသိအမှတ်ပြုသည်။ "ရွှေ၊ ငွေအစရှိသော ဖေါက်ပြန်ပျက်စီးတတ်သော ဥစ္စာနှင့်သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ။ အညစ်အကြေးနှင့်ကင်းစင်သော သိုးသူငယ်ကဲ့သို့သော ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့" (၁ပေ၊ ၁း၁၈၊၁၉)။

**ခရစ်တော်နှင့်အတူ အသိအမှတ်ပြုခံခြင်း**

သခင်ယေရှုနှင့်အတူ အသိအမှတ်ပြုခံခြင်း၏ ကနဦးလုပ်ဆောင်ချက်မှာ ဗတ္တိဇံပင်ဖြစ်သည်။ လူသားများသည် မိုက်မဲကြောင်း မေ့တတ်ကြောင်း ဘုရားသခင်သိသည့်အလျောက် ဣသရေလတို့ မမေ့ပျောက်နိုင်စေရန် နှစ်စဉ်ပသာခါပွဲတော်ကို ဆင်ယင်ကျင်းပစေသကဲ့သို့ ကျွန်ုပ်တို့ ခရစ်ယာန်များလည်း ရွေးနုတ်ခြင်းခံရသူများဖြစ်ကြောင်း မမေ့လျော့နိုင်စေရန် နည်းလမ်းပေးထားသည်။ ကယ်တင်ရှင်သည် မိမိတို့အတွက် အသေခံကြောင်း မမေ့လျော့နိုင်စေရန် တပည့်တော်များက မုန့်နှင့်စပျစ်ရည်ဖြစ်သော ခန္ဓာကိုယ်နှင့်အသွေးကို ကိုယ်စားပြုသည့်အရာများ သောက်သုံးကြရသည်။ ဤထုံးတမ်းစဉ်လာသည် အသိအမှတ်ပြုခံခြင်း သင်္ကေတဖြစ်၏။ "ငါ၏အသွေးကိုသောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်း ငါတည်၏" (ယော၊ ၆း၅၆)။ တမန်တော်များ၏ ခေတ်ကာလမှအစပြုပြီး ယုံကြည်သူများသည် ဤအောက်မေ့ဖွယ်ရာ စားသောက်ပွဲအား တစ်ပတ်ပြီး နောက်တစ်ပတ်ကျင်းပခဲ့ကြ၏။

ကြေးဖြင့်သွန်းသောမြွေသည် ဆိုးညစ်သောအရာမုန်သမျှ၏ ပျက်စီးခြင်းကိုပုံဆောင်ပြီး အထိမ်းအမှတ် သိုးသူငယ်မူကား ကောင်းမွန်သည့်အရာများကို ဘုရားသခင်အား ပြန်လည်ပေးဆပ်ခြင်းကို ပုံဆောင်သည်။ ထိုနှစ်ခုပေါင်းစပ်ခြင်းသည် သခင်ယေရှုအသေခံခြင်းအားဖြင့် စွမ်းဆောင်မှုကို အချုပ်ဖော်ပြပြီး နောက်လိုက်အားလုံးသည်လည်း ထိုကဲ့သို့ ထပ်တူလုပ်ဆောင်ရန်ဖြစ်သည်။

လူသားသဘာဝသည် ဆိုးယုတ်ပြီး ဘုရားသခင်အတွက် ရွံရှာဖွယ်ဖြစ်တော်မူ၏။ ၎င်းအား ဖျက်ဆီးပစ်ရမည်။ ဤအချက်မှာ ကြေးဖြင့်သွန်းသောမြွေ၏သင်ခန်းစာဖြစ်သည်။ သို့ရာတွင် အသက်သည်၎င်း ကောင်းမွန်သောဆုလက်ဆောင်သည် ၎င်း၊ ဘုရားသခင်ခံမှလာခြင်းဖြစ်သည့်အတွက် ဘုရားသခင်အား ယဇ်အဖြစ်ပြန်လည်ပြီး ပေးဆပ်ရမည်။ ဤအချက်သည် အထိမ်းအမှတ် သိုးသူငယ်၏ သင်ခန်းစာပင်ဖြစ်သည်။

**ကျွန်ုပ်တို့၏အသက်တာများအား ဘုရားသခင်ထံသို့ ဆက်ကပ်ခြင်း**

လူများတို့သည် မိမိ၏အသက်နှင့်ကောင်းမွန်သည့်အရာအားလုံးကို ဘုရားသခင်ထံသို့ ဆက်ကပ်ရန် တုံ့နှေးကြသည်။ ဖန်ဆင်းရှင်အား မိမိတို့ပိုင်ဆိုင်သည့် အရာများအား ပြန်လည်ပေးဆပ်ခြင်းဖြင့် ကျွန်ုပ်တို့မည်ကဲ့သို့ ကျရှုံးနိုင်မည်နည်း။ သခင်ယေရှုသည် တပည့်တော်များအား အောက်ပါအတိုင်း ယုံကြည်ကျင့်ကြံရန် မိန့်မှာတိုက်တွန်းခဲ့သည်။ "အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါကြောင့် အသက်ရှုံး၏။ ထိုသူသည် အသက်ကိုတွေ့လိမ့်မည်" (မဿဲ၊ ၁၆း၂၅)

အသက်ရှင်ခြင်း၌သော် ၎င်း၊ အသေခံခြင်း၌သော်၎င်း သခင်ယေရှုသည် ဤမူဝါဒအား ဆုပ်ကိုင်ခဲ့ပြီး မိမိ၏ဘုန်းကြီးလှစွာသော ရှင်ပြန်ထမြောက်ခြင်းအားဖြင့် မှန်ကန်ကြောင်း သက်သေပြသခဲ့သည်။ ကျွန်ုပ်တို့အား သေခြင်းမှတဆင့် ထာဝရအသက်ရှင်ခြင်းသို့ ကိုယ်တော်ကဲ့သို့ လိုက်လျှောက်ရန် ဖိတ်ခေါ်နေသည်။ ကျေးဇူးတော်ကြီးမားလှသည့် ဤအခွင့်အရေးအား ကျွန်ုပ်တို့ ငြင်းပယ်ရဲကြပါသလား။